## သန္တိသုခ အသင်တနိဗ္ဗာနဓါတ်

ဓမ္မမိတ်ဆွေများနှင့် ဆွေးနွေးမိရာမှ လွတ်ငြိမ်းအေးချမ်းမှုဟူသော သန္တိသုခသဘောကို လယ်တီဆရာတော်ကြီး၏ နိဗ္ဗာနဒီပနီကျမ်း၊ မိုကုတ်ဆရာတော်ကြီး တရားတော်များနှင့် မဟာစည်ဆရာတော်ကြီး၏ ဂိပဿနာရှုနည်းကျမ်းတို့ကို ကိုးကား၍ တင်ပြပါမည်။ လယ်တီဆရာတော်ကြီး၏ နိဗ္ဗာနဒီပနီကျမ်းတွင် သုခ ၂ မျိုးရှိကြောင်း ဖော်ပြထားပါသည်။ ဝေဒယိတသုခ နှင့် သန္တိသုခ တို့ ဖြစ်ပါသည်။

လူစည်းစိမ် နတ်စည်းစိမ်တို့ကို ခံစားမှု စံစားမှုသည် ဝေဒယိတသုခဖြစ်ပါသည်။ ဖြစ်ပွါးနိုပ်စက်နေသော ဓကန္တကြုံတွေ့လာရမည်ဖြစ်သော ဘေး ဒုက္ခတို့မှ လွတ်ငြိမ်းမှုသုခမှာ သန္တိသုခ အမျိုးအစားဟု နိဗ္ဗာနဒီပနီကျမ်းတွင် ဖော်ပြထားပါသည်။ အချို့ကျမ်းစာများတွင် သန္တိသုခကို အေးငြိမ်းသည်ဟု အဓိပ္ပါယ်ဖွင့်ကြသည်။ လယ်တီဆရာတော်ကြီးကမူ လွတ်ငြိမ်းသည်ဟု ဖွင့်ဆိုသည်။ ဒုက္ခအပေါင်းမှ အေးငြိမ်းခြင်းနှင့် လွတ်ငြိမ်းခြင်းမှာ ဆင်ဆင်တူပါသည်။ ဒုက္ခအပေါင်းမှ သက်သာရာရသည့်သဘောဟု နားလည်ပါသည်။ ဤနေရာတွင် လွတ်- ဆိုသည့်သဘောအရ တဏှာကိလေသာ အနှောင်အဖွဲ့မှ လွတ်မြောက်ခြင်းသဘော၊ ငြိမ်း-ဆိုသည့်စကားအရ တဖန်ပြန်မဖြစ်သည့် ချုပ်ငြိမ်းခြင်းသဘော၊ အေး-ဆိုသည့်စကားအရ ကိလေသာတို့၏ လောင်မြိုက်ခြင်းမှ လွတ်မြောက်နေ၍ အေးချမ်းသည့်သဘော စသည့် အနက်များ ကောက်ယူလျှင် ကိလေသာတဏှာတို့၏ လောင်မြိုက်မှုမှ ကင်းဝေးပြီး ကိလေသာနှင့် ခန္ဓာတို့ တဖန်ပြန်မဖြစ်သော ချုပ်ငြိမ်ခြင်းမျိုးကို သန္တိသုခစစ်စစ်ဟု မှတ်ယူထားပါသည်။

ဝေဒယိကသုခမှာ တစ်စုံတစ်ခု ခံစားစရာ စံစားစရာ ဂတ္တုတစ်ခု ရရှိ ခံစားခြင်းဖြစ်ပြီး

သန္တိသုခမှာ တစ်စုံတစ်ခု မရသည့်အပြင် မိမိကပင် ဘေးဒုက္ခလွတ်မြောက်ရေးအတွက် ရွှေငွေ အသပြာ ဥစ္စာ အကုန်ခံ၍ အားထုတ်ရယူရသော သုခမျိုး ဖြစ်ပါသည်။ မိမိတွင် သေစေလောက်သည့် ရောဂါကို ခံစားနေရာမှ လွတ်မြောက်ဖို့ရန် မိမိ စည်းစိမ်များ အကုန်ခံ၍ ကုသရပြီး သေဘေးမှ လွတ်မြောက်သည့်အခါ ကြုံတွေ့ရသည့် သန္တိသုခမျိုး၊ ထီးနန်းမင်းစည်းစိမ်စွန့်၍ အသက်ချမ်းသာရသွားသော မင်းဧကရာဇ်မင်းတို့၏ သန္တိသုခမျိုးသည် ဝေဒယိတသုခထက် သာလွန်မြင့်မြတ်ကြောင်း သိနိုင်ပေသည်။ သေဒဏ်အမိန့်ကျပြီး ကြိုးမိန့်စောင့်နေရသူတစ်ဦးအား ကြိုးမိန့်မှ လွတ်စေဟု အမိန့်သံကြားရသည့်အခါ ၄င်းခံစားရသည့် သန္တိသုခသည် စည်းစိမ်ဥစ္စာများ ခံစားရသည့် ဝေဒယိတသုခထက် မနှိုင်းယှဉ်သာအောင် ကွာခြားပါလိမ့်မည်။

ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေနဝါ

သဗ္ဗလောကာ ဓိပစ္စေန၊ သောတာပတ္တိ ဖလံဝရံ။

လေးကျွန်းတခွင် မြေအပြင်၌ တစ်ယောက်တည်းသော စကြာမင်း စည်းစိမ်ထက်လည်းကောင်း၊ နတ်ပြည် ၆ ထပ်တွင် ခံစားစံစားရသည့် နတ်စည်းစိမ်ထက်လည်းကောင်း လောက၏အကြီးအကဲ ဗြဟ္မာမင်း စည်းစိမ်ထက်လည်းကောင်း သောတာပတ္တိဖိုလ်သည် သာလွန် မြင့်မြတ်သည်။ အဘယ်ကြောင့်ပါနည်း။ စကြာမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့သည် ငရဲမျိုး၊ ပြိတ္တာမျိုး၊ အသူရကာယ်မျိုး၊ တိရစ္ဆာန်မျိုးတို့နှင့် ဆက်စပ်နေသည်။ အပါယ်ခန္ဓာ တန်းလန်းကြီးနှင့် စည်းစိမ်ခံစားနေသည်။ သောတာပန်ပုဂ္ဂိုလ်မှာကား အပါယ်မျိုးစေ့ကုန်ပြီး အပါယ်ခန္ဓာတန်းလန်းဘဝမှ လွတ်ငြိမ်းဟူသော သန္တိသုခ အသခ်တခါတ်ကို ရရှိပြီး ဖြစ်သဖြင့် သုပ္ပဗုဒ္ဓ အမည်ရသော သောတာပန် နူနာသည်ကြီးက စကြာမင်း၊ နတ်မင်း၊

ပြဟ္မာမင်းတို့ထက် သာလွန်မြင့်မြတ်သည်ဟု ဖတ်မှတ်ဘူးပါသည်။

လူချမ်းသာ၊ နတ်ချမ်းသာဟူသော ဝေဒယိတသုခချမ်းသာတို့သည် ပူလောင်စေတတ်သည့် ကာမတဏှာပေါ် အခြေခံသည့် ချမ်းသာမျိုး ဖြစ်ပါသည်။ ဝေဒယိတသုခမျိုးသည် မရခင်ကလည်း လိုချင်၍ ပူပန်ရသည်။ ရလာပြန်တော့ ကုန်ဆုံးပျောက်ဆုံးမှာကို ပူပန်ရသည်။ ရလေလိုလေ အိုတစ္ဆေသဘောဖြင့် အတောမသတ်နိုင်သော ရလိုဇောနှင့် ပူလောင်နေရသည်။ ဝေဒယိတသုခချမ်းသာများအနက် ကာမချမ်းသာသည် အညံ့စားချမ်းသာဟု ဆိုပါသည်။ ကာမချမ်းသာထက် ပထမဈာန်ချမ်းသာသည် ပို၍အေးချမ်းသော သုခမျိုးဖြစ်သည်။ တဖန် ထိုပထမဈာန်ချမ်းသာ၏ ဂိတက်၊ ဂိစာရတို့က ဒုတိယဈာန်ချမ်းသာနှင့် ယှဉ်လျှင် ရုန့်ရင်းကြမ်းတမ်းနေသေးသည်။ ထိုအတိုင်း အဆင့်ဆင့် နှိုင်းယှဉ်ကြည့်လျှင် ရူပဈာန် ၄ ပါး၊ အရူပဈာန် ၄ ပါးအနက် အမြင့်ဆုံး အရူပဈာန်သည်ပင် နလုံးသွင်းမှုရှိသေးသဖြင့် ဆင်းရဲမကင်းပေ။ ကာမချမ်းသာ ဈာန်ချမ်းသာတို့သည် သာယာတတ်သော တဏှာရှိနေသေး၍သာ ဆင်းရဲရမှန်းမသိ သုခထင်နေခြင်းဖြစ်သည်။ ထိုဝေဒယိတသုခများထက် နလုံးသွင်းမှုပင်မရှိသော ခံစားမှုများ ချုပ်ငြိမ်းနေသော သန္တိသဘော နိဗ္ဗာန်ချမ်းသာသည်သာ အမွန်မြတ်ဆုံး ဖြစ်သည်။

နိဗ္ဗာန်ကို ခန္ဓာအကြွင်းရှိသော်လည်း ကိလေသာများ တဖန်ပြန် မဖြစ်ခြင်းကြောင့် ပေါ်လာသော ကိလေသနိဗ္ဗာန် (သဉပါဒိသေသ နိဗ္ဗာန်)နှင့် ကိလေသာအဆီခန်းခြောက် ခန္ဓာမီးစာကုန်၊ မီးစာကုန်ဆီခန်း၍ ခန္ဓာနောက်တစ်ခါ ပြန်မဖြစ်တော့သော ခန္ဓပရိနိဗ္ဗာန်(အနုပါဒိသေသ နိဗ္ဗာန်) ဟူ၍ ၂ မျိုး ရှိပါသည်။ အရိယာတို့ ကိလေသာနှင့် ခန္ဓာအကြွင်းမဲ့ ချုပ်ငြိမ်းပုံမှာ-

(က)သောတာပတ္တိမဂ်သို့ အဆိုက်တွင် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာနှင့်

သီလဗ္ဗတပရာမာသတို့သည်လည်းကောင်း၊

ဒိဋ္ဌာနုသယနှင့်  ဝိစိကိစ္ဆာနုသယတို့သည်လည်းကောင်း တစ်ပြိုင်တည်း အကြွင်းမဲ့ ချုပ်ငြိမ်းသည်။

အပါယ်ဇာတိ အကြွင်းမဲ့ချုပ်ငြိမ်းသည်။ ကာမဘုံ၌ ၇ ဘဝ ၏ နောက် ကာမဇာတိ ချုပ်ငြိမ်းသည်။

(ခ) သကဒါဂါမိမဂ်အဆိုက်တွင် ကြမ်းတမ်းသော ကာမရာဂသံယောဇဉ်နှင့် ပဋိဃသံယောဇဉ်

တိုသည်လည်းကောင်း ကြမ်းတမ်းသော ကာမရာဂါနုသယနှင့်

ပဋိဃာနုသယတို့သည်လည်းကောင်း အကြွင်းမဲ့ ချုပ်ငြိမ်းပြီး ကာမဘုံတွင် နောက်ထပ် ၂

ဘဝနောက်ပိုင်း ရလတ္တံ့သော ကာမဇာတိတို့ အကြွင်းမဲ့ ချုပ်ငြိမ်သည်။

(ဂ) အနာဂါမိမဂ်အဆိုက်တွင် အသေးအဖွဲဖြစ်သည့် ကာမရာဂသံယောဇဉ်နှင့်

ပဋိဃသံယောဇဉ် တို့သည်လည်းကောင်း အသေးအဖွဲဖြစ်သည့် ကာမရာဂါနုသယနှင့်

ပဋိဃာနုသယတို့သည်လည်းကောင်း အကြွင်းမဲ့ ချုပ်ငြိမ်းပြီး ကာမဇာတိအကုန်ချုပ်ငြိမ်းသည်။

(ဃ) အရဟတ္တမဂ်အဆိုက်တွင် ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊

အဝိဇ္ဇာတို့သည်လည်းကောင်း  ဘဝရာဂါနုသယ၊ မာနာနုသယ၊

အဝိဇ္ဇာနုသယတို့သည်လည်းကောင်း အကြွင်းမဲ့ ချုပ်ငြိမ်းပြီး ရူပ အရူပဇာတိအကုန်ချုပ်ငြိမ်းသည်။

လက်ရှိဘဝခန္ဓာ အကြွင်းရှိတော့သည်။

နိဗ္ဗာန်အကြောင်း ရေးသားထားသော အချို့ကျမ်းများတွင် နိဗ္ဗာန်သည် ကိလေသာချုပ်ငြိမ်းမှု ရုပ်နာမ်များချုပ်ငြိမ်းမှုကို အကျိုးပြုနေသော သီးခြားဓါတ်သဘောတစ်ခုဟု ရှုမြင်ကြပါသည်။

လယ်တီဆရာတော်ကြီးကမူ ကိလေသာတဏှာနှင့် ရုပ်နာမ်ခန္ဓာတို့ တဖန်ပြန်

မဖြစ်ခြင်းဆိုသည့်သဘောကိုပင် နိဗ္ဗာနဓါတ်ဟု လက်ခံထားသည်။ ကိလေသာနှင့် ရုပ်နာမ်များ

ကင်းဆိတ်နေခြင်းသည် သုညတ နိဗ္ဗာန်ဟု ခေါ် ဆိုပါသည်။ မဟာစည်ဆရာတော်ကြီးက ဒွါရ ၆

ပါးမှာ အာရုံ ၆ ပါး၊ ဂိုဏ်ဘ ၆ ပါး မထင်ရှား ရုပ်နာမ်များ ချုပ်ငြိမ်းမှု သဘောသာ ထင်ရှားပါသည်လို့ မိန့်ပါသည်။ အသင်္ခတ နိဗ္ဗာန်ရော သင်္ခတတရား ရုပ်နာမ်တစ်ခုချင်းစီကိုရော ခွဲခြားရှုလျှင် သဘောတရားသက်သက်၊ ပုံသဏ္ဌာန် အထည်ဒြပ် မရှိကြပါ။ ပရမတ်မှန်လျှင် ပုံသဏ္ဌာန် အထည်ဒြပ် မရှိကြတာချင်းအတူတူ သင်္ခတပရမတ်တို့၏ ပင်ကိုယ်သဘောသဘာဝတို့ ဉာဏ်မှာ လာထင်နိုင်သဖြင့် ရှိကြောင်း သိနိုင်ပါသည်။ အသင်္ခတနိဗ္ဗာန်မှာကား သင်္ခတပရမတ်တို့လို ရှိကြောင်းပင် မထင်ရှား။ သို့ရာတွင် မိုးကုတ်ဆရာတော်ကြီးက ရုပ်နာမ်တို့ ဖြစ်ခြင်းပျက်ခြင်းကို မနောဒွါရမှာ လာထင်ပြီး ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းတို့ ဉာဏ်မျက်စိတွင် ရှုမြင်နေရင်းမှ ချုပ်ပျောက်သွားသည်ကို အာရုံတွင် ထင်ထင်ရှားရှား ပေါ်ခဲ့ဘူးလျှင် တဏှာလည်းကုန်၊ ရုပ်နာမ်လည်းစွန့်၊ နိဗ္ဗာန်လည်း မြင်သည်ဟု ဟောကြားခဲ့ပါသည်။ နိဗ္ဗာန်မျက်မှောက်ပြုခြင်း အကျိုးကိုတော့ ကိလေသာများ နောင် တချိန်ပြန်မဖြစ်သော ချုပ်ငြိမ်းမှုဖြင့် တိုင်းတာနိုင်ပါသည်။ လယ်တီဆရာတော်ကြီးပြဆိုသည့် ဥပမာအတိုင်း ဆိုရလျှင် ကိုယ်ပေါ်မှာ အနာများရှိကြောင်းကို အနာရှိသည့်နေရာများကို လက်ညှိုးထိုးပြလို့ရသည်။ အနာရောဂါ ကင်းစင်နေသူအတွက် အနာမရှိခြင်းကို ဘယ်နေရာကို လက်ညှိုးထိုးပြီး ပြောမည်နည်း။ ရှိခြင်းကို သိ၍ မရှိခြင်းကို ပြောနိုင်ခြင်း ဖြစ်ပါသည်။ သင်္ခတပရမတ်တို့သည် သဘောတရားပင် ဖြစ်လင့်ကစား ရှိကြောင်းကို အရိပ် နမိတ် ဖြင့် သိနိုင်သည်။ အသင်္ခတ နိဗ္ဗာန်သည် နမိတ် အရိပ်ပင် မထင်သဖြင့် အနိမိတ္တ နိဗ္ဗာန်ဟု ခေါ်ပါသည်။

နိဗ္ဗာန်၌ ရုပ်နာမ်တို့ ကင်းဆိတ်ခြင်း၊ မရှိခြင်း(အဘာဝ) သက်သက်မျှသာဟု မှတ်ယူပါက နိဗ္ဗာန်၏ ဂုဏ်ဒြပ်ကို အမှန်တကယ် ဖော်ပြရာ မရောက်။ အမှန်တကယ် နိဗ္ဗာန်၏ ထူးခြားသော ဂုဏ်သေသကို နှိမ်ချရာရောက်ပါသည်။ ရိုးရိုး ချုပ်ပျောက်ရုံသက်သက်ဆိုလျှင် မထူးခြားသည်မှာ

မှန်သော်လည်း နိဗ္ဗာန်ကို မင်္ဂဉာဏ်ဖြင့် မျက်မှောက်ပြုသူ၏ ရုပ်နာမ်ခန္ဓာစဉ်တွင် ကိလေသာများ နောင်တဖန် ပြန် မဖြစ်တော့ခြင်း ရုပ်နာမ်ခန္ဓာများ နောင်တဖန်မရတော့ခြင်းစသော ထူးမြတ်သော ဓါတ်သဘာဝရှိခြင်းက အဘာဝသဘော မဆောင်ချေ။ ထိုဂုဏ်ထူးကြောင့် ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာများ ပေါ်ထွန်းပြီး ပေါ်ထွန်းဆဲ၊ ပေါ်ထွန်းလတ္တံ့ မဟုတ်ပါလား။ မည်သည့်ဓမ္မမျိုးကမှ မပေးစွမ်းနိုင်ပါ။ သန္တိသုခ နိဗ္ဗာနဓါတ်ဖြင့် အကြွင်းမဲ့ ပယ်သတ်ခဲ့သော တဏှာ၊ ကိလေသာများ၊ ချုပ်ငြိမ်းသွားသော ခန္ဓာ အာယတနများကို မည်သည့် အကြောင်းတရားများက ပေါင်းဆုံပြီး နောင်တဖန် ပြန်ဖြစ်လာအောင် ပြုပြင်ပြောင်းလဲပစ်လို့ မရတော့သည့်အတွက်  အသင်္ခတအဖြစ် ဘုရားရှင် ဟောကြားခဲ့ပါသည်။ ထို့ကြောင့် နိဗ္ဗာန်ကို အပြုပြင်ခံ စိတ်စေတသိတ်ရုပ် သင်္ခတပရမတ်နှင့် ဆန့်ကျင်ဘက်သဘော သီးခြား ဓမ္မတစ်ခု အာနုဘော်ကြီးသော အသင်္ခတပရမတ်အဖြစ် မှတ်ယူရမည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ချမ်းသာစစ်နှင့် ပြည့်စုံကြပါစေ။

ပြေဇော်